mgyoe.com

# မတူရင် မတုနှင့်

## အပါအဝင် စကားပုံ ပုံပြင်များ

ဝင်းဇော်(သုံးဆယ်)



မိုးခွင်းကြွယ်

ကာလေးမတ်ပုံပြင်

mgyoe.com

ဒုတိယအကြိမ်

mgyoe.com

# မတူရင်မတုနှင့်

## အပါအဝင် စကားပုံ ပုံပြင်များ

**ဝင်းဇော်(သုံးဆယ်)**



WZ0012
900.00 KS

mgyoe.com

mgyoe.com

စာမူနှင့်အပြင်အဆင်မူပိုင် – ဦးစန်းဦး

မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော် – မိုသံ

ထုတ်ဝေသူ – ဒေါ်အိဝတ်ရည်ထွန်း။
ဂျူတီစာပေ၊ (၀၂၀၇၇)၊ ဓမ္မာရုံလမ်း၊ လှိုင်၊ ရန်ကုန်။
ပုံနှိပ်သူ – ဦးစန်းဦး၊
SKCC PRESS (၀၀၄၁၃)၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ မတ်လ၊
ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊

၉၀၀ ကျပ်

mgyoe.com

mgyoe.com

# မတူရင်မတူနှင့်
# အပါအဝင် စကားပုံ ပုံပြင်များ

ဝင်းဇော်(သုံးဆယ်)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ကွယ်ရင်မေ့ တွေ့ရင်လွမ်း ၁
၂။ ဘုန်းကောင်းတော့ စင်ခံ၊ လင်ကောင်းတော့ စံရ ၇
၃။ သူခိုး ဓားရိုးကမ်း ၁၂
၄။ မနာလိုက အရှက်ရ ၁၇
၅။ ကျားချင်တိုင်းကျား မီးယပ်ပဲ ၂၂
၆။ ဝဋ်မှာအမြဲ ငရဲမှာအပ ၂၆
၇။ ယာလည်းညက်စေ၊ ကြက်လည်းပန်စေ ၃၁
၈။ စိတ်ကိုဆုံးမ ချမ်းသာရ ၃၆
၉။ ကြွက်သေတစ်ခု အရင်းပြု ၄၃
၁၀။ အလိုကြီး အရနည်း ၄၈
၁၁။ စကားများ အမှားပါတတ်သည် ၅၂
၁၂။ ကျေးဇူးရှိမှ ကျေးဇူးကန်းတတ်သည် ၅၇
၁၃။ အရင်းစစ် အမြစ်မြေက ၆၂
၁၄။ အကျင့်သီလ ဘဝတန်ဆာ ၆၆
၁၅။ ထုံအ၊ လွန်းတော့ ဖျင်းတယ် ၇၀
၁၆။ ဓားကိုဖျက်တော့ ဝါးမျက်၊ လူကိုဖျက်တော့ အရက် ၇၆
၁၇။ ခလုတ်ထိမှ အမိတ ၈၄
၁၈။ ဆရာ့ကျေးဇူး အထူးသိမှတ်ပါ ၉၀
၁၉။ မင်းမှာ သစ္စာ လူမှာ ကတိ ၉၇
၂၀။ မတူရင် မတုနှင့် ၁၀၂


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ကွယ်ရင်မေ့ တွေ့ရင်လွမ်း

"အဘိုး၊ နေကောင်းပါသလား"

"ဟာ၊ မောင်တင်ဌေး။ မင်းက မင်းရဲ့ဒေါ်လေးခေါ်လို့ အညာကို လိုက်သွားတာ အခုမှပဲ ပြန်လာရတော့သလား။ အညာက ဆွေမျိုးတွေ ဆီရောက်တာနှင့် မင်းက အဘိုးကို မေ့နေတာမဟုတ်လား။ အခု အဘိုး ကို တွေ့တော့မှ လွမ်းပြနေတာ ဖြစ်မှာပါ"

"မဟုတ်ပါဘူး အဘိုးရဲ့။ သားက အညာကို ရောက်ပေမဲ့ ညတိုင်း ပုံပြောပြတဲ့အဘိုးကို အမြဲသတိရနေတာပါ။"

အေးပါကွာ။ အဘိုးက သားကို တမင်စတာပါ။ ကလေးတွေ အားလုံး စုံပြီနော်။ ဒီညတော့ အကြောင်းတိုက်ဆိုင်လို့ "ကွယ်ရင်မေ့ တွေ့ရင် လွမ်း' ဆိုတဲ့ စကားပုံလေးကို ပုံပြင်တစ်ပုဒ်ပမာ အဘိုး ပြောပြ မယ်။ သေသေချာချာနားထောင်ကြနော်။

ရှေးလွန်လေပြီးသောအခါက ကာသိကတိုင်း၊ ပါဋ္ဌလိနေပြည်တော် ကြီးမှာ အဿကမင်းကြီး ထီးနန်းအုပ်ချုပ် မင်းလုပ်တော်မူတယ်ကွဲ့။

mgyoe.com

mgyoe.com

အဲဒီ အသျှင်မင်းကြီးမှာ အလွန်ချစ်မြတ်နိုးတော်မူရတဲ့ တောင်နန်းစံ ဒေဝီမိဖုရားကြီး ဥပရိဒေဝီဆိုတာ ရှိတယ်။ အဲဒီမိဖုရားကြီးက ရုပ်ရည် အလွန်ချောမောလှပတဲ့ဂုဏ်နှင့် ပြည့်စုံတယ်။ အဲဒါကြောင့် မိဖုရားကြီးက တစ်လောကလုံးမှာ ငါသာလျှင် အလှဆုံးလို့ထင်ပြီး အလှမာနတက် နေတယ်။ ကောင်းမှုကုသိုလ်ကို တစ်ခုမျှ မပြုလုပ်ဘဲ မေ့လျော့နေရှာ တယ်။"

"ပြီးတော့ ဥပရိဒေဝီမိဖုရားကြီးဟာ ကာသိကတိုင်းပြည်ကြီးကို 'ငါ သာလျှင် ပိုင်ဆိုင်တယ်။ ငါသာ မိဖုရားခေါင်ကြီး' ဆိုပြီး စည်းစိမ်မာန် လည်း တက်နေရှာတယ်။ အဲသလို အလှမာန်၊ ဓနမာန်တက်ပြီး မာန ထောင်လွှားနေတဲ့ ဥပရိဒေဝီမိဖုရားခေါင်ကြီးဟာ တစ်နေ့မှာတော့ မမျှော် လင့်ဘဲ ရုတ်တရက် သေဆုံးသွားခဲ့တယ်။ လူ့ဘဝ ဖြစ်စဉ်အခါတုန်းက ကောင်းမှုကုသိုလ် ဘာမျှမပြုလုပ်ခဲ့တာကြောင့် သေလွန်သွားတဲ့အခါမှာ တော့ အသျှင်မင်းကြီးရဲ့ ဥယျာဉ်တော်အတွင်းမှာ နွားချေးပိုးဘဝသို့ ရောက်သွားရှာတယ်။

အသျှင်မင်းကြီးကတော့ 'ငါ့မိဖုရားခေါင်ကြီး သေဆုံးသွားရလေ ခြင်း' ဆိုပြီး ရာဇပလ္လင်ထွေ့မဆည်နိုင်အောင် ပူဆွေးသောက ရောက်နေရှာ တာပေါ့။ သူ့မိဖုရားခေါင်ကြီးကို အလွန်ချစ်ရှာတာကြောင့် ရုပ်အလောင်း ကို ဘုရားအလောင်းတော် ရှင်ရသေ့က ဟိမဝန္တာတောင်မှာ ဈာန်သမာ ပတ်ဝင်စားရင်း ဒိဗ္ဗစက္ခုဉာဏ် (အားလုံးကို ထိုးထွင်းသိနိုင်သောဉာဏ်) ဖြင့် ကြည့်ရှုတော်မူရာ အသျှင်မင်းကြီးခမျာ မိဖုရားခေါင်ကြီးအတွက် သောကရောက်နေတာကို မြင်တွေ့လိုက်ရတယ်။ ဒါကြောင့် 'ဒီဘုရင် ကြီး ငါ မကယ်ရင်တော့ ပရိဒေဝမီးတောက်လောင်ပြီး ဒုက္ခဖြစ်တော့ မယ်' လို့ ကရုဏာတော်ရှေ့ထားကာ ဥယျာဉ်တော်ကို ကောင်းကင်ခရီး မှ ကြွလာတယ်။

mgyoe.com

mgyoe.com


ဥယျာဉ်တော်မှာတွေ့တဲ့ မင်းချင်းယောကျ်ားကို

"အမောင် လုလင်၊ အသင်တို့ဘုရင်ကြီး ကျန်းမာတော်မူပါစ" လို့ မေးတော်မူတယ်။ မင်းကြီးမှာ မိဖုရားခေါင်ကြီးနတ်ရွာစံလို့ ပူဆွေး သောကရောက်နေတဲ့အကြောင်း ရှင်ရသေ့ကို လျှောက်တင်တယ်။

အဲဒီအခါ ရှင်ရသေ့က 'သင်တို့ဘုရင်ကြီးကို ငါ့ထံကို ခေါ်ဆောင် လာခဲ့' လို့ ခိုင်းတယ်။

မင်းချင်းယောကျ်ားက "အရှင်မင်းကြီး၊ ဥပရိဒေဝီမိဖုရားခေါင်ကြီး ကို ပြနိုင်တဲ့ပုဂ္ဂိုလ်ကို တွေ့ခဲ့ပါတယ်။ အရှင်မင်းကြီး ဥယျာဉ်တော်သို့ သာ မြန်းကြွခဲ့ပါ" လို့ လျှောက်တယ်။ ဘုရင်မင်းကြီးက

"အသင်ပုဏ္ဏား၊ သေဆုံးသွားသူကို ရှင်သူနှင့် တွေ့ပေးမယ်ဆိုတာ ဟုတ်နိုင်ပါမလား။ ငါ မယုံကြည်ပါဘူး" ဆိုပြီး ဥယျာဉ်တော်ကို လိုက် လာတယ်။

အလောင်းတော်ရှင်ရသေ့က "ဒကာတော်မင်းကြီး၊ မိဖုရားခေါင်ကြီး ဥပရိဒေဝီမှာ မိဖုရားဘဝဖြစ်စဉ်အခါက ဘယ်လိုကောင်းမှုကုသိုလ်မျိုး မှ မပြုလုပ်ဘဲ အချိန်ရှိတိုင်း အလှအပကိုသာပြင်၊ မာန်မာန ထောင်လွှား နေတာကြောင့် အခု သေလွန်တဲ့အခါမှာ သင့်ရဲ့ ဥယျာဉ်တော်အတွင်း မှာ နွားချေးပိုးမဘဝ ရောက်နေတယ်" လို့ မိန့်တယ်။

အသဿကမင်းကြီးက အလောင်းတော်ရှင်ရသေ့ မိန့်တဲ့စကားကို လုံးဝ မယုံကြည်ဘူး။ မဖြစ်နိုင်ဘူးလို့ ထင်နေတယ်။

ရှင်ရသေ့က "ကိုင်း၊ ဒါဖြင့် ကောင်းပြီ မင်းကြီး။ သင့်ရှေ့ကို ခေါ် ဆောင်ပြီး ဥပရိဒေဝီမိဖုရားကြီး ဟုတ် မဟုတ်ကို ငါမေးပြမယ်" ဆိုပြီး နွားချေးပိုးမကို တန်ခိုးအစွမ်းနှင့် ခေါ်လိုက်တယ်။

ဥပရိဒေဝီဝင်စားတဲ့ နွားချေးပိုးမဟာ နွားချေးပိုးဖိုကို လက်ချင်းတွဲပြီး ရောက်လာတယ်။

mgyoe.com

mgyoe.com

အလောင်းတော်ရှင်ရသေ့က –

"ဟယ်၊ နွားချေးပိုးမ။ သင်သည် ဟိုးဘဝက ဥပရိဒေဝီမိဖုရားကြီး မဟုတ်လော" လို့ မေးတယ်။

နွားချေးပိုးမက "မှန်ပါသည်" လို့ လျှောက်တင်တယ်။

ရှင်ရသေ့က

"ကောင်းပြီ။ သင်သည် ဥပရိဒေဝီမိဖုရားကြီး အမှန်ဖြစ်လျှင် ငါမေးသည်ကို အမှန် ဖြေကြားလော့။ ဥပရိဒေဝီမိဖုရားကြီးဖြစ်စဉ်အခါက ယောကျ်ားတော်စပ်ခဲ့သော မင်းကြီးနှင့် ယခုဘဝ နွားချေးပိုးလင် မည်သူကို အချစ်ပိုသလဲလို့ မေးတယ်။ နွားချေးပိုးမက

"ဒီဘဝက နွားချေးပိုးလင်ကိုသာ အချစ်ပိုပါသည်။ မှန်ရာကို လျှောက်ထားရသော် အဿကမင်းကြီး၏ လည်ချောင်းသွေးကိုဖောက်၍ နွားချေးပိုးလင်၏ခြေကို ဆေးလိုပါတယ်ဘုရား" လို့ လျှောက်တယ်။

အဲသလို မျိုးမတော်ဗိုလ်ပုံအလယ်မှာ ဥပရိဒေဝီမိဖုရား လူဝင်စား နွားချေးပိုးမက ပြောတာကြောင့် အဿကမင်းကြီးမှာ ဒေါသဖြစ်သွားတာပေါ့။

'ငါကတော့ သူ့ခမျာ သေသွားလို့ ပူဆွေးသောက ရောက်လိုက်ရတာ၊ သူကတော့ နောက်ဘဝမှာ နွားချေးပိုးလင်နှင့် ပျော်နေရှာတယ်' ဆိုပြီး ဥပရိဒေဝီအပေါ် ပူဆွေးတမ်းတနေမှုတွေဟာ အလိုလို ပျောက်သွားတယ်။

မှန်ခေါင်းထဲက ဥပရိဒေဝီအလောင်းကို သုဿန်မှာ အမြန်ဆုံး မြေမြှုပ်ပစ်ဖို့ မင်းချင်းတွေကို အမိန့်ပေးတယ်။

အဲဒါ ဘာကြောင့်လဲဆိုတော့ အနေဝေးသွားလျှင်ဖြစ်စေ၊ ဘဝခြားသွားလျှင်ဖြစ်စေ မေ့တတ်သောသဘောကို ပြဆိုတယ်။ ကလေးတို့ တစ်တွေဟာ အခုဘဝမှာ တစ်ခဏတာ တွေ့ဆုံကြရတာပဲ။ သေခြင်း

mgyoe.com

တရားကို ဘယ်သူမှ မလွန်နိုင်ကြတာမို့ တစ်နေ့မှာ သေကွဲ သို့မဟုတ် ရှင်ကွဲ ကွဲကြရမှာ ဓမ္မတာပဲ။ ဒီတော့ တွေ့တုန်းဆုံခိုက်ဘဝမှာ တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်နေကြပါ။ တစ်ဦးကိုတစ်ဦး အပြန်အလှန်လေးစားပါ။ တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းပါ။ တစ်ဦးအမှားကို တစ်ဦးက သည်းခံခွင့်လွှတ်ပေးပါလို့ ဆုံးမစကားမှာကြားရင်း 'ကွယ်ရင်မေ့ – တွေ့ရင်လွမ်း' ဆိုတဲ့ ပုံပြင်လေးကို အဆုံးသတ်လိုက်ပါတယ်။

❐

mgyoe.com

mgyoe.com

# ဘူးကောင်းမှ စင်ခံ၊ လင်ကောင်းမှ စံရ

အရပ်ထဲတွင် မနက်ဖြန်မနက်တွင် ကျင်းပမည့်မင်္ဂလာဆောင်အိမ်မှ မင်္ဂလာတေးသံသာက ပျံ့လွင့်လျက်ရှိ၏။ အဘိုးက အရပ်ထဲမှ ကလေးငယ်များအား မည်သည့်ပုံပြင်ကို ပြောပြရလျှင် ကောင်းမည်နည်းဟု စဉ်းစားနေ၏။

"ဒီညတော့ ကလေးတို့ကို အဘိုးက 'ဘူးကောင်းမှ စင်ခံ၊ လင်ကောင်းမှ စံရ' ဆိုတဲ့ စကားပုံ ပုံပြင်ကလေးကို ပြောပြမယ်။ ဘူးစင် အကြီးကြီး ဆောက်ထားတာ ကလေးတို့ မြင်တွေ့ကြတယ်မဟုတ်လား။ အဲဒါ ဘူးပင်က တအားသန်စွမ်းတော့၊ ကောင်းတော့ စင်ခံပေးရတာပေါ့။ ဒါမှ ဘူးညွန့် ဘူးသီးတွေ အများကြီး သီးပွင့်မယ်။ စိုက်ပျိုးထားသူမှာ အကျိုးခံစားရမယ်။

အဲဒီနည်းတူပဲ မိန်းကလေးတွေမှာ အလုပ်ကို ကြိုးစားလုပ်ကိုင်ပြီး စီးပွားရှာဖွေတတ်တဲ့ ယောကျ်ားကို အိမ်ထောင်ပြုမှ ချမ်းချမ်းသာသာ အကျိုးခံစားရမယ်လို့ စကားပုံက ဆိုလိုတာကွဲ့။ အိမ်ထောင်ပြုကြမယ့်

mgyoe.com

mgyoe.com


မိန်းကလေးတွေအတွက် လူကြီးသူမတွေ ဆိုဆုံးမထားခဲ့တဲ့ လိုက်နာစရာစကားဆိုလည်း မမှားပေဘူး။

မိန်းကလေးဆိုတာ မိဘမောင်ဖွား၊ ဆွေမျိုးများစွာ ရှိပေမဲ့ လင်ယောကျ်ားမရှိရင် မတင့်တယ်ပေဘူး။ မိန်းမဖြစ်ရကျိုး မနပ်ဘူး။ ဇာတ်တော်ကြီး ၁၀ ဘွဲ့ထဲက ဝေဿန္တရာဇာတ်တော်ထဲမှာ ဘုရားလောင်း ဝေဿန္တရာရဲ့ ကြင်ရာတော် မဒ္ဒီဒေဝီက . . .

"ဦးရီးတော်မင်းကြီး၊ ဥပမာဆိုရသော် အရွယ်ကောင်းသေးသည့် မိန်းမသည် မုဆိုးမဘဝ ရောက်ရသည့်အခါ ကျီးကန်းအပေါင်းတို့၏ အလယ်သို့ရောက်သည့် ခင်ပုပ်ငှက်မပမာ ဖြစ်ရာသည်။ အကဲစမ်းလိုသော ယောကျ်ားများသည် ဤမိန်းမကို အလိုမရှိပါဘဲ ငွေကြေးအနည်းငယ်တို့ကို ပေး၍ မြူဆွယ်တတ်လေသည်။ ရွှေအိုး၊ ရွှေခွက်၊ ရွှေလင်ပန်းတို့ကို သုံးဆောင်ရသော မင်းမျိုး၊ သူဌေးမျိုးမှ မိန်းမသည် မိဘ၊ မောင်ဖွား၊ ဆွေမျိုးသားချင်းအလယ်တွင် တင့်တယ်စွာ ထားသော်လည်း ညဏ်များသောယောကျ်ားများ၏ လှည့်စားခြင်းကို ခံစားရသဖြင့် မိဘ၊ မောင်ဖွား၊ ဆွေမျိုးသားချင်း၊ မိတ်ဆွေတို့၏ ကဲ့ရဲ့ပြစ်တင်ခြင်းကို ခံရရာသည်။ ထိုလင်မရှိသော မိန်းမကြောင့် ၎င်းနှင့်တော်စပ်သည့်လူများ အရှက်ရတတ်လေသည်။ အရွယ်ရှိ၍ ယောကျ်ားမရှိသော မိန်းမထံသို့ ယောကျ်ားများ လာရောက်တတ်သဖြင့် 'မလာပါနှင့်' ဟု ငွေကြေးပေး၍ တားမြစ်သော်လည်း ရနိုင်မည်မဟုတ်ပါ။ ထိုမိန်းမအား ယောကျ်ားတို့က လေးစားခြင်းမရှိသောကြောင့် ဥစ္စာကုန်ဆုံးရုံသာ အဖတ်တင်မည်။ မလာရောက်ဘဲနေမည်မဟုတ်။

"ဦးရီးတော်မင်းကြီး၊ ဥပမာ ဆိုပါဦးအံ့။ ဆိပ်ကမ်း၊ ကျွန်းသောင်ရှိလင့်ကစား ရေမရှိသောမြစ်သည် အချည်းနှီးသာ ဖြစ်ချေသည်။ မြို့ရိုး၊ ကျုံး၊ ပစ္စင်၊ ရင်တား၊ တံခါးမုခ်၊ ဆိုင်တန်း၊ အိမ်စဉ် ရှိလင့်ကစား

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


အုပ်ချုပ်မည့်ဘုရင် မရှိပါက အချည်းနှီးသာ ဖြစ်ချေသည်။ ဆွေမျိုး စည်းစိမ်ဥစ္စာ အရှိန်အဝါ ရှိလင့်ကစား ပညာမရှိသောယောကျ်ားသည် အချည်းနှီးသာ ဖြစ်ချေသည်။ အဖိုး ၁ သိန်းတန်သော အဝတ်တန်ဆာ ကို ဝတ်ဆင်ထားလင့်ကစား အကျင့်စာရိတ္တ မကောင်းသောသူသည် အချည်းနှီးသာတည်း။ ထို့အတူ မောင်တစ်ကျိပ်ပင် ရှိလင့်ကစား လင် မရှိသော မိန်းမသည် အချည်းနှီးသာ ဖြစ်ချေသည်။

"ဦးရိုးတော်မင်းကြီး၊ ဥပမာ ဆိုပါဦးအံ့။ ရထား၏တန်ခိုးသည် အောင်လံတံခွန် ဖြစ်သည်။ မီး၏တန်ခိုးသည် အခိုးဖြစ်သည်။ တိုင်းပြည် ၏တန်ခိုးရှင်သည် ရှင်ဘုရင် ဖြစ်သည်။ ယောကျ်ား၏ တန်ခိုးသည် အတတ်ပညာဖြစ်သည်။ မိန်းမ၏တန်ခိုးသည် လင်ယောကျ်ား ဖြစ် သည်။

"ဦးရိုးတော်မင်းကြီး၊ အကြင်မိန်းမသည် လင်ဆင်းရဲသော် ဆင်းရဲ ရသည်။ လင်ချမ်းသာသောအခါ ချမ်းသာကြွယ်ဝစွာဖြင့် နေရသည်။ ထိုသို့ သဘောဖြောင့်မှန်ကန်သော မိန်းမကို သိကြား၊ နတ်၊ ဗြဟ္မာမင်း တို့သည် အလွန်မြတ်နိုး၍ ကူညီစောင့်ရှောက်ကြသည်။ သာခုခေါ်ကြ သည်။ စင်စစ်အားဖြင့် ကျွန်ုပ်သည် ရွှေနန်းသခင် အရှင့်သားသည် ဖန်ရည်စွန်းသောသင်္ကန်းကိုဝတ်၍ နေသည့်ကာလ တစ်လျှောက်လုံး အရှင့်သားနှင့်အတူ ဖန်ရည်စွန်းသည့်သင်္ကန်းကို ဝတ်ဆင်ပြီး ဆင်းရဲ အတူ၊ အပူမရွေး၊ ချမ်းအေးမရှောင် တောတောင် ချောက်ကမ်းထဲတွင် သားရဲတိရစ္ဆာန်တို့နှင့် ကြုံတွေ့သော်လည်း ရှေ့မှနေ၍ အရှင့်သားအလျှင် အသေခံပါအံ့။ အရှင့်သားနှင့်ကင်း၍ တိုင်းပြည်ကို တစ်ကိုယ်တည်း စိုးစံလျက် နေရစ်ရန်ဆိုသည်ကို ကျွန်ုပ် အလိုမရှိ။ အရှင့်သား ရေမြေ့ သေနင်း ပြည့်ရှင်မင်းဖြစ်ခဲ့သော် အတူခံစားရပါလို၏။ လင်ချမ်းသာ ခိုက်တွင် ခံစား၍ လင်ဆင်းရဲသည့်အခါ အဖော်မလုပ်လိုသော မိန်းမ

mgyoe.com

mgyoe.com


သည် ဘီလူးမ၊ မျောက်မပမာ ယုတ်ညံ့သောမိန်းမ ဖြစ်ပါချေသည်။ ကျွန်ုပ်၏လင်နှင့်အတူ လိုက်ပါရစေ ဘုရား" ဆိုတဲ့ လျှောက်တင် စကားကို မှတ်သားထားကြရမယ်။

အဲဒါကြောင့် အိမ်ထောင်ပြုလိုတဲ့ မိန်းမများမှာ မိမိထက် ဉာဏ်ပညာပြည့်စုံပြီး အကျိုးစီးပွားရှာဖွေတတ်တဲ့ လင်ကောင်းတို့ရဲ့ ကျင့်ဝတ် ၅ ပါးဖြစ်တဲ့ 'မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စား ဆင်ယင်၊ မြတ်နိုးအင်၊ ငါးအင်လင့်ဝတ်တာ' လို့ သင်္ဂဇာ ဆရာတော်ဘုရားကြီးက ဆောင်ပုဒ်လင်္ကာ ရေးသားထားခဲ့တယ်။ မိန်းမကို မထေမဲ့မြင် မပြုတဲ့ ယောကျ်ား၊ ရှာဖွေရသမျှတို့ကို မိန်းမကိုအပ်တဲ့ ယောကျ်ား၊ မိမိမိန်းမအပေါ် သစ္စာရှိတဲ့ယောကျ်ား၊ မိမိသာ ဝတ်စားဆင်ယင်မှုမရှိတဲ့ ယောကျ်ား၊ မိမိ မိန်းမအပေါ် မြတ်နိုးတတ်တဲ့ ယောကျ်ားကိုသာ ရှာဖွေ အိမ်ထောင်ပြုစေလိုလို့ ရှေးလူကြီးသူမတွေက 'ဘူးကောင်းမှ စင်ခံ၊ လင်ကောင်းမှ စံရ' ဆိုတဲ့ စကားပုံကို နောင်လာနောင်သားတွေ မှတ်သားလိုက်နာဖို့ ဆုံးမစကားအနေဖြင့် ထားရစ်ခဲ့တာပဲကွယ်။

❐

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# သူခိုး ဓားရိုးကမ်း

ရပ်ကွက်ထဲမှ အရွယ်စုံသည့်ကလေးငယ်များက အဘိုးဦးဘသိန်းအား နင်းနှိပ်ပေးနေကြလေ၏။ တစ်ယောက်သော ကလေးက ပခုံးကို နှိပ်၏။ တစ်ယောက်သောကလေးက ပေါင် ၂ ဖက်ကို တက်နင်းနေ၏။ တစ်ယောက်က ခြေသလုံးကို နင်း၏။ တစ်ယောက်က ခြေချောင်းကလေးများကို ချိုးပေးနေ၏။ ကျန်ကလေးငယ် ၂ ယောက်က လက် ၂ ဖက်ကို နှိပ်ပေးနေ၏။

အဘိုးဦးဘသိန်းကို ကလေးငယ်များက ချစ်ခင်ကြသည်။ အဘိုးဦးဘသိန်းကလည်း ကလေးချစ်တတ်သည်မို့ ညစဉ်ညတိုင်း ကလေးငယ်များကို မုန့်ပဲသရေစာကျွေးမွေးပြီး ပုံပြင် ပြောပြလေ့ရှိလေ၏။

"ဒီညတော့ အဘိုးက ကလေးတို့ကို 'သူခိုး ဓားရိုးကမ်း' ဆိုတဲ့ စကားပုံကို ပြောပြမယ်။ မိမိ၏အသက်ကို ရန်ပြုမည့်သူ သို့မဟုတ် မိမိ၏အကျိုးစီးပွားကို ဖျက်ဆီးမည့်သူအား မိမိက ကူညီနေလျှင် 'သူခိုး ဓားရိုးကမ်းတယ်' လို့ ရှေးလူကြီးသူမတွေက ဆိုကြတယ်။

mgyoe.com

mgyoe.com

ဟိုးရှေးရှေးတုန်းက ပုဏ္ဏားလုလင်တစ်ယောက်ဟာ တက္ကသိုလ်ပြည်သို့ သွားရောက်ပြီး ဒိသာပါမောက္ခဆရာကြီး တစ်ဦးထံမှာ လေးအတတ်ကို သင်ကြားလေတယ်။ အချိန်ကြာလာတာနှင့်အမျှ လေးအတတ်ကို ကျွမ်းကျင်စွာတတ်မြောက်လာတယ်။ ကောင်းကင်မှာ ပျံသန်းနေတဲ့ငှက်ကို ထိအောင် ပစ်ခတ်နိုင်တဲ့အထိပေါ့။ ပုဏ္ဏားလုလင်ဟာ လေးအတတ်ကို တတ်မြောက်ပြီဖြစ်လို့ နေရပ်သို့ပြန်ခွင့်ပြုပါရန် ဆရာသခင်ကို ခွင့်ပန်တယ်။ ဒိသာပါမောက္ခဆရာကြီးက တပည့်ဖြစ်တဲ့ ပုဏ္ဏားလုလင်ကို သဘောကျတာကြောင့် သမီးတစ်ယောက်နှင့် လက်ထပ်ပေးလိုက်တယ်။

ပုဏ္ဏားလုလင်က ဆရာသခင်ကို ရိုသေစွာကန်တော့တယ်။ မြားအစင်း ၅၀ ထည့်ထားတဲ့ ကျည်တောက်ကို ပခုံးမှာလွယ်တယ်။ သတို့သမီးကိုခေါ်ပြီး နေရပ်ကို ပြန်လာခဲ့တယ်။

လမ်းခရီးမှာ ဆင်ကြီးတစ်ကောင်နှင့် ရင်ဆိုင်တိုးတယ်။ ဆင်ကြီးက ပုဏ္ဏားလုလင်တို့လင်မယားကို ရန်ပြုဖို့ ပြေးလာတယ်။ ပုဏ္ဏားလုလင်က ဆင်ကြီးရဲ့ ဦးကင်းကို မြားနှင့်ပစ်တယ်။ ဆင်ကြီးဟာ နာကျင်လွန်းတာကြောင့် အော်ဟစ်ပြီး တောထဲကို ထွက်ပြေးသွားရတယ်။

အဲဒီတောတွင်းထဲမှာ ဆေရကန္တရဆိုတဲ့ သူခိုးဓားပြကြီးနှင့် တပည့်အင်အား ၅၀ နေထိုင်တာကို ပုဏ္ဏားလုလင်က မသိရှာဘူး။ ခရီးဆက်ခဲ့ကြရင်း သူခိုးကြီးနှင့် တပည့်တွေက ပုဏ္ဏားလုလင်တို့ လင်မယားကို ဝိုင်းဝန်းရန်ပြုဖို့ လာကြတယ်။ ပုဏ္ဏားလုလင်က သူ့မှာကျန်နေတဲ့မြား ၄၉ စင်းနှင့် ပစ်လွှတ်ရာ ၄၉ ယောက်စလုံး မြားမှန်ပြီး သေဆုံးသွားတယ်။ ခေါင်းဆောင်ဖြစ်တဲ့ သူခိုးကြီးက သူ့တပည့်တွေရဲ့ နောက်မှာနေတာဆိုတော့ မြားမမှန်ဘူးပေါ့။ သူခိုးကြီးက ပုဏ္ဏားလုလင်ကို သတ်ဖို့ပြေးလာတယ်။ ပုဏ္ဏားလုလင်နှင့် သူခိုးကြီးတို့ဟာ အပြန်အလှန် သတ်

mgyoe.com

ပုတ်ကြတာပေါ့။

သတို့သမီးက သူခိုးကြီးကိုမြင်ရုံနှင့် ချစ်ခင်နှစ်သက်သွားတယ်။

ပုဏ္ဏားလုလင်က မိမိမယားထံက ဓားကို တောင်းတယ်။ သတို့သမီးက မိမိလင်ယောကျ်ားထက် သူခိုးကြီးအပေါ်မှာ မေတ္တာသက်ဝင်နေတာကြောင့် ဓားကိုပေးတဲ့နေရာမှာ သူခိုးကို ဓားအရိုးဘက်က ပေးတယ်။ ဓားအရိုးကို ဆုပ်ကိုင်မိတဲ့သူခိုးကြီးက ပုဏ္ဏားလုလင်ကို ဓားနှင့် ခုတ်ပိုင်းသတ်လိုက်တယ်။

လင် သေဆုံးသွားတဲ့အခါ မိန်းမဖြစ်သူဟာ ရွှေငွေဥစ္စာထုပ်ကို ပိုက်ပြီး သူခိုးကြီးရဲ့နောက်ကို လိုက်လာတယ်။ ချောင်းတစ်ခုနားကို ရောက်တဲ့အခါ သူခိုးကြီးက စဉ်းစားတယ်။ ဒီမိန်းမဟာ မိမိဖခင်ပေးစားတဲ့ သတ္တိနှင့်ပြည့်စုံတဲ့ မိမိကျေးဇူးရှင် လင်ယောကျ်ားကိုတောင် ငါ့ကို မြင်တာနှင့် ချစ်ခင်နှစ်သက်ပြီး အသက်ဆုံးရှုံးအောင် ကြံစည်ဆောင်ရွက်တယ်။ အခုလည်း ငါနှင့် ပေါင်းဖက်မယ်ဆိုပြီး လိုက်လာပေမဲ့ အခြားယောကျ်ားကိုမြင်ရင် ငါ့ကိုလည်း သတ်ခိုင်းမှာပဲ' လို့ တွေးမိပြီး–

"မိန်းကလေး၊ ဒီမြစ်ဟာ နက်လည်း နက်တယ်။ ရေစီးလည်း သန်တယ်။ မင်းရယ်၊ ငါရယ် ဒီအထုပ်ကြီးရယ် မြစ်ကို ဘယ်လိုဘယ်ပုံ ကူးကြမလဲ" လို့ မေးတယ်။

မိန်းမက "ရှင်သာ ဒီအထုပ်ကြီးနှင့် မြစ်တစ်ဘက်ကမ်းကို ရောက်အောင် အရင်ကူးသွားပါ။ ပြီးမှ ကျွန်မကို လာခေါ်လှည့်ပါ" လို့ ဆိုတယ်။

သူခိုးကြီးက အထုပ်ကိုထမ်းပြီး မြစ်တစ်ဘက်ကမ်းကို ရောက်အောင်ကူးသွားတယ်။ ဟိုဘက်ကမ်း ရောက်တဲ့အခါ–

"ဟဲ့၊ သူယုတ်မ နင်ဘာသာ နေရစ်ခဲ့ပေတော့" ဆိုပြီး သူခိုးကြီးက အထုပ်ကိုထမ်းကာ မိမိလိုရာခရီးကို ဆက်သွားတော့တယ်။

mgyoe.com

mgyoe.com

အဲဒါကြောင့် မိမိအပေါ် ဒုက္ခပေးမယ့်သူကို မိမိက ကောင်းမွန်စွာ အကျိုးပြုမိရင် 'သူခိုး ဓားရိုးကမ်းတယ်' လို့ ဆိုကြတယ်။ အဘိုးပြောတဲ့ ပုံပြင်လေးကို ကလေးတို့ မှတ်ထားကြနော်။

❒

mgyoe.com

mgyoe.com

# မနာလိုက အရှက်ရ

"ဒီညတော့ အဘိုးက ကလေးတို့ကို 'မနာလိုက အရှက်ရ' ဆိုတဲ့ စကားပုံကို ပုံပြင်လေးတစ်ပုဒ်သဖွယ် ပြောပြမယ်။ 'သူများမနာလို၊ ကိုယ့်မှာ အကျိုးမရှိ' ဆိုတဲ့ စကားရှိတယ်ကွဲ့။

တစ်ခါတုန်းက ဘုရင်ကြီးတစ်ပါးဟာ ပညာရှိကြီးတစ်ဦးကို ချီးမြှင့်လေရာ အမတ်က မနာလိုစိတ်တွေ ဖြစ်နေရှာတယ်။ အဲ့ဒါကြောင့် အမတ်က ဘုရင်ကို ကုန်းတိုက်တယ်။

"အရှင်မင်းကြီး။ အရှင်က ကျွန်တော်မျိုးတို့အား စကားမိန့်ကြားသည့်အခါ အရှင်မင်းကြီး၏အာပုပ်စော်နံပါသည်ဟု ပညာရှိက နန်းတော်တွင်းမှာ အတင်းပြောကြားနေပါတယ်"လို့ လျှောက်တယ်။

"ပညာရှိက သူ့ပါးစပ်ကို လက်ကိုင်ပဝါနှင့် အုပ်ထားတာ ကျွန်တော်မျိုး မြင်တွေ့မိပါတယ်။ အရှင်မင်းကြီး မယုံကြည်လျှင် မနက်ဖြန်ကျလျှင် ပညာရှိ၏အမူအရာကို အကဲခတ်တော်မူပါဘုရား" လို့ ဆိုတယ်။

အဲဒီအမတ်က နောင်တစ်နေ့မနက်စောစော သူ့အိမ်ကို ထမင်းစား

mgyoe.com

mgyoe.com

ကြွဖို့ ပညာရှိကို သွားဖိတ်ထားတယ်။

ပညာရှိက အမတ်ရဲ့ ကောက်ကျစ်စဉ်းလဲတဲ့အကြံအစည်ကို မသိရှာတော့ ထမင်းသွားစားတာပေါ့။ အမတ်က ပညာရှိကို ထမင်းကျွေးတဲ့အခါ ကြက်သွန်နီ၊ ကြက်သွန်ဖြူတွေ များစွာထည့်ထားတဲ့ အသုပ်စုံနှင့် ကျွေးတာကိုး။

ဘုရင်ကြီးကလည်း အလွန်ပါးနပ်တော်မူတဲ့ ဘုရင်ကြီးကွဲ့။ မိမိရဲ့သစ္စာတော်ခံ လူယုံတော်တွေကို နေရာတိုင်းမှာ လွှတ်ထားတာကိုး။ သူ့ကို ကုန်းချောတဲ့ အမတ်ရဲ့အိမ်မှာ ဘုရင်ကြီးရဲ့ လူယုံတော်ရှိနေတာကို အမတ်က မသိရှာဘူး။ အမတ်က ပညာရှိကို မည်သို့သော အသုပ်စုံနှင့်ကျွေးကြောင်း၊ ထမင်းပွဲမှာ ဘယ်လိုဟင်းအမျိုးအစားတွေပါတာကအစ လူယုံတော်က ဘုရင်ကြီးဆီကို စာရေးပြီး အကြောင်းကြားထားတယ်။

အဲသလိုနှင့် နံနက်ပိုင်း ဘုရင်ကြီးရဲ့ညီလာခံကို ဝင်ရောက်ခစားရတဲ့အခါ ဘုရင်ကြီးက ပညာရှိကို ပညာဂုဏ်အား ချီးမြှင့်တဲ့အနေဖြင့် သူ့အနားကိုတိုးပြီး ခစားစေတယ်။ ဘုရင်ကြီးက အမတ်ပရိယာယ်ဆင်ပြီး ဉာဏ်များထားတာကိုသိလို့ တမင်အခွင့်အရေးပေးသလို လုပ်ထားတာ။ ပညာရှိက ကြက်သွန်တွေစားထားတာဆိုတော့ အနံ့နံမှာစိုးလို့ သူ့ပါးစပ်ကို လက်ကိုင်ပဝါနှင့် အုပ်ထားပြီး ခစားတာပေါ့။ အဲဒါကို အမတ်က ဘုရင်ကြီးကို မျက်ရိပ်မျက်ကဲပြပြီး 'တွေ့လား ဘုရား၊ ကျွန်တော်မျိုး လျှောက်တင်တာ မှန်နေပြီ မဟုတ်လား' ဆိုတဲ့ သဘောမျိုးပေါ့။ ဘုရင်ကြီးက ပြုံးတော်မူတယ်။ ပညာရှိကို သေချာစွာကြည့်ပြီး–

"အလို ပညာရှိ၊ အဘယ်ကြောင့် သင်က သင့်ပါးစပ်ကို လက်ကိုင်ပဝါအုပ်ပြီး ခစားနေရသနည်း" လို့ မေးတော်မူတယ်။

ပညာရှိက ဒီမနက် အမတ်ကထမင်းဖိတ်ကျွေးလို့ အသုပ်စုံနှင့်

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

ထမင်းစားလာမိကြောင်း၊ ပါးစပ်က ကြက်သွန်အနံ့တွေ ထွက်နေတာကြောင့် အရှင်မင်းကြီး နံစော်မှာစိုးလို့ ပါးစပ်ကို ပိတ်ထားရတဲ့အကြောင်း လျှောက်တင်တယ်။

အမတ်က ပညာရှိပြောတဲ့ စကား မဟုတ်မှန်ကြောင်း၊ ထမင်းဖိတ် မကျွေးပါဘူးဆိုပြီး ပျာပျာသလဲ လျှောက်တင်တယ်။

အဲဒီအခါ ဘုရင်ကြီးက –

"အို–အမတ်ကြီး။ သင့်အိမ်မှာ သင် ဘာဟင်းနှင့် စားတယ်၊ ဘာစကားတွေပြောတယ်ကအစ သိနေတဲ့ဘုရင်ဖြစ်တယ်။ မနက်ဖြန်ဆိုတာဝေးပါတယ်။ အခုချက်ချင်းပင် သင် အိမ်ပြန်လော့။ သင့်အိမ်ရောက်လျှင် သင် စားချင်သည့်အစာကို လုံခြုံစွာ စားသောက်ပါ။ သင် ဘယ်လိုနေတယ်၊ ထိုင်တယ်ကအစ ငါပြန်ပြောပြမယ်" လို့ဆိုပြီး အမတ်ကို သူ့အိမ်ကို ပြန်လွှတ်လိုက်တယ်။

အမတ်က အလွန်အတွေးရခက်ပြီး သူ့အိမ်ကို သူပြန်သွားတာပေါ့။ အိမ်ရောက်တော့ သူ့မိသားစုကို ဆူပူကြိမ်းမောင်းတာပေါ့။

အမတ်က "ဒီအိမ်မှာ ငါရယ်၊ ငါ့မယားရယ်၊ ငါ့သမီးရယ် ၃ ယောက်ပဲရှိတယ်။ ငါ့အိမ်ကအကြောင်းကို ငါက ဘုရင်ကြီးကို ဘယ်တုန်းကမျှ မလျှောက်တင်ခဲ့ဘူး။ ဒါဆို သင်တို့ ၂ ယောက်ထဲက တစ်ယောက်ယောက်ဟာ ဘုရင်ကြီးကို လျှောက်တင်တာဖြစ်မယ်။ သင်တို့ ၂ ယောက်က ငါရာထူးတိုးပြီး စည်းစိမ်ဥစ္စာတိုးအောင် ငါ့သစ္စာခံမှာလား။ ဘုရင်ကို မျက်နှာလုပ် သတင်းပို့တဲ့နင်တို့လုပ်ရပ်တွေကို ရပ်တန်းက ရပ်ကြ၊ ငါ သည်းမခံဘူး" လို့ ပြောတယ်။

အဲ့ဒီနောက် အမတ်က ရေနွေးကြမ်းနှင့် အမဲခြောက်ဖုတ်ဆီဆမ်းကို စားသောက်နေတယ်။

အမတ်ရဲ့သမီးက ဘုရင်ကြီးရဲ့ သစ္စာတော်ခံ လူယုံတော်ဆိုတော့

mgyoe.com

mgyoe.com


အပေါ့အပါးသွားသယောင် ရေအိမ်(အိမ်သာ)တက်ချင်ဟန်ပြုတယ်။ ခြံစည်းရိုးနားကပ်လာတဲ့ မြင်းသည်တော်တစ်ဦးကို စာတစ်စောင်ပစ်ပေးပြီး ဘုရင်ဆီကို ပို့ခိုင်းလိုက်တယ်။ ထိုစာတွင် အမတ်ကြီးပြောသမျှစကား၊ ပြုမူနေထိုင်ပုံကအစ ရေးထားတယ်။ အဲဒါကို အမတ်ကြီးက မသိရှာဘူး။ 'ငါ လုပ်ကိုင်သမျှ ဘုရင်ကြီးက မသိနိုင်ပါဘူး'ဆိုပြီး ပေါ့ပေါ့တန်တန် သဘောထားတာပေါ့။ မြင်းသည်တော် ပို့ဆက်တဲ့စာကိုဖတ်ပြီး ဘုရင်ကြီးက သိနှင့်နေတယ်။

အဲသလိုနှင့် အမတ်ကြီးက ဘုရင်ထံပါး သွားရောက်ခစားတယ်။ ဘုရင်က အမတ်ကြီး သူ့အိမ်မှာ သူ့မယားနှင့်သမီးကို ဘယ်လိုစကားတွေပြောတယ်၊ ဘာအစားအစာတွေ စားတယ်၊ ဘယ်အရပ်ဘက်ကို ဘယ်လိုလှည့်ထိုင်တယ်၊ ဘယ်လိုလှုပ်ရှားတယ်ဆိုတာကအစ ပြောပြတော့ အမတ်ကြီးနှင့်တကွ ဘုရင့်ရှေ့တော်မှောက်မှာ ခစားနေကြတဲ့ မှူးမတ်ဗိုလ်ပါအပေါင်းတို့မှာ တုန်လှုပ်သွားကြတာပေါ့။

အမတ်ကြီးမှာ အလွန်အရှက်ရသွားတာပေါ့။

ဘုရင်က "အသင်အမတ်ကြီး၊ သင်က ပညာရှိကို မနာလို၍ ပရိယာယ်ဆင်ကာ သူတစ်ပါးဒုက္ခရောက်အောင် လုပ်ခဲ့ပေမဲ့ ငါ၏သစ္စာတော်ခံတွေက နေရာတိုင်းမှာရှိနေတော့ သင်ပဲ အရှက်ကွဲခံရတယ် မဟုတ်လား။ ဒီတော့ မနာလိုစိတ်တွေ မထားဖို့ဆုံးမချင်တယ်။ မှူးမတ်အပေါင်းတို့ကိုလည်း တစ်ခါတည်း မှာချင်တယ်။ တစ်ဦးတစ်ယောက်ကို ဒုက္ခရောက်အောင် မနာလိုစိတ်မွေးထားတာ သိရရင် ကြီးလေးသောပြစ်ဒဏ်ချမှတ်မယ်" လို့ မိန့်တော်မူတယ်။

သူများကို မနာလိုတဲ့အမတ်ကတော့ အရှက်ကွဲပြီး ခေါင်းကိုအောက်ငုံ့နေရတယ်။ ဒီတော့ ကလေးတို့လည်း မနာလိုတဲ့စိတ်ကို မမွေးကြနှင့်။ စိတ်ကိုဖြူစင်စွာ ထားကြပါလို့ မှာချင်တယ်နော်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ကျားချင်တိုင်းကျား မီးယပ်ပဲ

ဆေးဆရာနှင့်ပတ်သက်တဲ့ 'ကျားချင်တိုင်းကျား မီးယပ်ပဲ' ဆိုတဲ့ စကားပုံလေးကို ပုံပြင်အဖြစ် ပြောပြမယ်။

တစ်ခါတုန်းက ဆေးဆရာကြီးတစ်ဦးကို အခြားရွာက လူနာရှင်တွေကဟာ သူတို့ရဲ့လူနာကို ဆေးကုသပေးဖို့ဆိုပြီး လာပင့်ကြတယ်၊ လာခေါ်ကြတယ်ဆိုပါတော့။

ဆေးဆရာကြီးက လူနာရဲ့အိမ်ကိုရောက်တော့ ညှော်အနံ့ရတာကြောင့် မကြော်မလှော်ကြဖို့ တားမြစ်တယ်။

လူနာရှင်တွေက ဆရာကြီးစားသုံးဖို့ ကြော်လှော်နေကြတာပါလို့ ပြောကြတယ်။ သူစားဖို့ ကြော်လှော်နေကြတာဆိုတော့ ဆရာကြီးမှာ ဘယ်ပြောသာတော့မလဲ။ "ကောင်းပြီ။ ကြော်သာ ကြော်ကြ"လို့ ပြောရတော့တာပေါ့။

ဆေးဆရာကြီးက လူနာညှော်မမိအောင် ခြင်ထောင်ထဲမှာပဲ နေပါစေလို့ ပြောတယ်။ လူနာရဲ့လက်ကိုသာ ခြင်ထောင်အပြင်ထုတ်ပြပါလို့

mgyoe.com

mgyoe.com


ပြောတယ်။

"လူနာကိုစမ်းသပ်ပြီး ဆေးဖော်စပ်မယ်။ အဲဒါဆိုရင် မင်းတို့လည်း ချက်ပြုတ်ကြော်လှော်ပြီးမယ်။ ငါလည်း ဆေးဖော်ပြီးမယ်။ ညနေ ငါ့အိမ်ကိုပြန်ရင် မိုးမချုပ်တော့ဘူးလို့ဆိုတယ်။

ဆရာကြီးပြောတဲ့အတိုင်း လူနာက မိမိလက်ကို ခြင်ထောင်အပြင်ကို ထုတ်ပြတယ်။ လူနာရဲ့ခြင်ထောင်ဟာ ထူတော့ ဆရာကြီးက လူနာရဲ့ မျက်နှာနှင့် ခန္ဓာကိုယ်ကို မမြင်ရဘူးပေါ့။

ဆေးဆရာကြီးက လူနာရဲ့လက်ကို ကိုင်ကြည့်တယ်။ လက်ကလေးက ဖြူဖွေးပြီး အလွန်နူးညံ့နေတယ်။ ခြင်ထောင်ထဲကလည်း သွေးညှီနံ့ရတာကြောင့် ဆရာကြီးက မိန်းမတစ်ဦးလို့ ထင်မှတ်ပြီး

"အင်း လူနာက မီးယပ်ရောဂါ ဖြစ်နေတာပဲ" လို့ ပြောတယ်။

ဆရာကြီး စကားကိုကြားလိုက်ရတဲ့ လူနာရဲ့ မိသားစုတွေက

"ဆရာကြီး၊ သေသေချာချာ စမ်းသပ်ပြီးမှ ပြောပါ"လို့ ဝိုင်းပြောကြတယ်။

အဲဒီအခါ ဆရာကြီးက

"မမှားပါဘူးကွဲ့ ဆရာကြီး လူနာတွေကို ဆေးကုလာတာ နှစ်ပေါင်း ၅၀ ကျော်လာပါပြီ" လို့ ဆိုတယ်။

မီးယပ်ဆိုတာ မိန်းမတွေမှာ ဖြစ်တတ်တဲ့ရောဂါကို ပြောတာ။

လူနာရဲ့မိသားစုတွေက "ဆရာကြီး၊ မဟုတ်သေးဘူးနော်"လို့ ပြောကြတယ်။

ဆရာကြီးက

"သေချာပါတယ်။ ဘယ်လောက်ဆိုးရွားနေတဲ့ ရောဂါမဆို ဆရာကြီးရဲ့ဆေးကို သောက်တာနှင့် ပျောက်တယ်။ ဆေးကို လိမ်းတာနှင့် ပျောက်တယ်"လို့ ထပ်ပြောတယ်။

mgyoe.com

mgyoe.com


လူနာရှင်မိသားစုရဲ့ မျက်နှာတွေက မသာမယာဖြစ်လာကြပြီ။ "ဘယ်လိုဆေးဆရာကို ပင့်လာရသလဲ" ဆိုပြီး ပင့်လာတဲ့သူတွေကို အပြစ်တင်နေကြတယ်။

ဆရာကြီးကတော့ မီးယပ်ရောဂါအစစ်ပဲလို့ ပြောနေတော့တာပဲ။

လူနာရှင်တွေက ဆရာကြီးရဲ့စကားကို သည်းမခံနိုင်တော့တာမို့ ခြင်ထောင်ကို လှန်ပစ်လိုက်တယ်။ အဲဒီအခါ လူနာဆိုတဲ့လူက နှုတ်ခမ်းမွေးကြီးနှင့် ယောကျ်ားကြီးဖြစ်နေတယ်။ ဒါပေမဲ့ ဆေးဆရာကြီးက သူ့စကားကို အလျှော့မပေးဘူး။

'ကျားချင်တိုင်းကျား မီးယပ်ပဲ' လို့ ဆိုတယ်။

ပြီးမှ –

"ယောကျ်ားမီးယပ်ဆိုတာ လိပ်ခေါင်းမှသွေးထွက်တာကို ပြောတာ။ သွေးထွက်တာကို ပိတ်အောင်မလုပ်ရဘူး။ လုံးဝပိတ်ပစ်လိုက်ရင် လူနာဟာ နူသွားတတ်တယ်။ လိပ်ခေါင်းကို ဖြတ်ချင်ရင်တောင်မှ အနည်းငယ်ချန်ပြီး ဖြတ်ရတယ်။ မိန်းမသားမှာ မီးယပ်ပေါ်သည်နှင့် မခြား ယောကျ်ားမှာ လိပ်ခေါင်းရှိတာ ကောင်းတယ်" ဆိုပြီး အကျိုးအကြောင်း အထောက်အထားတွေနှင့် အရှက်ပြေပြောတာပေါ့။

လူနာရှင်တွေက တော့သူတောင်သားတွေဆိုတော့ ဘာမျှနားမလည်ကြဘူး၊ မသိကြဘူး။ ဆေးဆရာကြီးပြောတာကို အမှန်တကယ် ထင်တာပေါ့။

ဆေးဆရာကြီးက အမှန်းလွန်သွားတဲ့ သူ့စကားအရ သူ့သိက္ခာမကျရအောင်၊ သူ့ကို အထင်ကြီးလေးစားအောင် ပြောနေတော့တယ်။ ပြီးမှ လိပ်ခေါင်းရောဂါပျောက်ဆေးကို ဖော်စပ်ပြီး လူနာကို ပေးခဲ့တယ်။ အဲဒီရွာမှာတော့ 'ကျားချင်တိုင်း ကျားမီးယပ်ပဲ' ဆိုတဲ့စကားက ရေပန်းစားသွားတယ်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ဝဋ်မှာအမြဲ ငရဲမှာအပ

အခုပြောပြမယ့် စကားပုံ ပုံပြင်က 'ဝဋ်မှာအမြဲ၊ ငရဲမှာအပ' တဲ့။ သတ္တဝါဆိုတဲ့ လူ၊ တိရစ္ဆာန် သက်ရှိတွေကို မိမိက ရိုက်နှက်မိလို့ အဲဒီလူ၊ သို့မဟုတ် တိရစ္ဆာန်ဟာ မျက်လုံးကန်းသွားတယ်၊ ခြေ လက်ကျိုးသွားတယ် ဆိုပါစို့။ အဲဒါဆိုရင် မိမိမှာလည်း ဒီဘဝ၊ သို့မဟုတ် နောင်ဘဝမှာ ကိုယ်ပြုမိခဲ့တဲ့အတိုင်း မျက်လုံးကန်း၊ ခြေကျိုး၊ လက်ကျိုးခြင်းတွေ ပြန်ပြီးခံရတယ်။ အဲဒါကို ဝဋ်လိုက်တယ်လို့ ခေါ်တယ်။ ဝဋ်ဆိုတာက ပြုလုပ်မိပြီးရင် ရှောင်လွှဲမသွားဘူး၊ ပြုလုပ်မိသူက တစ်ဖန်ပြန်ပြီး မလွှဲမသွေ ခံရမှာပဲ။

အင်း။ ခင်ပွန်းကြီး ၁၀ ပါးကို ကာယကံ(ကိုယ်ဖြင့် ပြုလုပ်ခြင်း)၊ ဝစီကံ (နှုတ်ဖြင့် ပြစ်မှားပြောဆိုခြင်း)၊ မနောကံ(စိတ်ဖြင့် ပြစ်မှားခြင်း) ပြုသူတွေကတော့ ငရဲသက်တမ်းစေ့တာနှင့် ငရဲက လွတ်မြောက်သွားတယ်။ ဝဋ်ကတော့ မရဘူး။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပြန်လည်ခံကြရတတ်တာမို့ 'ဝဋ်မှာအမြဲ'လို့ အဆိုရှိတယ်။

ဝဋ်ကြွေးဆိုတာက ပြုလုပ်မိရင် လူသားတွေ မဆိုထားနှင့်၊ မြတ်စွာ

mgyoe.com

mgyoe.com


ဘုရားသခင်ကိုယ်တော်မြတ်ကြီးပုင် ပြန်လည်ပေးဆပ်ရတယ်။ ခံရတာပဲ။

ကလေးတို့ကို မြတ်စွာဘုရားလက်ထက်က လာဘ်လာဘအရာမှာ သူမတူအောင် လာဘ်ကောင်းလာဘ်မြတ် အရှင်ဧတဒဂ်ဘွဲ့ရတော်မူတဲ့ ရှင်သီဝလိရဟန္တာကိုယ်တော်မြတ်ကြီးရဲ့ ရှေးဘဝကပြုခဲ့တဲ့ မကောင်းမှုကံကြောင့် ခံရတဲ့ ဝဋ်ကြွေးအကြောင်းကို ပုံပြင်သဖွယ် ပြောပြမယ်။

ဟိုး လွန်လေပြီးသော ဘဝများစွာက ရှင်သီဝလိရဟန္တာလောင်းလျာမှာ ဗာရာဏသီပြည့်ရှင်၊ ဘုရင် ဗြဟ္မဒတ်မင်းကြီးရဲ့ သားတော်ဖြစ်ရန်အတွက် မိဖုရားကြီးရဲ့ ဝမ်းကြာတိုက်မှာ ၇ နှစ် ၇ လကြာအောင် ပဋိသန္ဓေအဖြစ် နေတော်မူရတယ်။ မွေးဖွားခါနီးတော့လည်း မယ်တော်မိဖုရားကြီးခမျာ နာကျင်ခြင်းဝေဒနာကို ပြင်းထန်စွာ ခံစားရလေတယ်။ အဲဒီဝဋ်ကြွေးမျိုးကို ရှင်သီဝလိ ရဟန္တာလောင်းလျာမှာ ဘာလို့ ခံစားရသလဲဆိုတော့ –

ကလေးတို့ သေသေချာချာ နားထောင်နော်၊ အဲဒီ ရှင်သီဝလိ ရဟန္တာ မဖြစ်မီ ဘဝတစ်ခုမှာ အရှင်မြတ်ဟာ ဗာရာဏသီပြည်မှာပဲ ခတ္တိယနွယ်ဝင် ဘုရင်မင်းမျိုး၌ သားတော်ဖြစ်ခဲ့ရတယ်။ သူ့ခမည်းတော် နတ်ရွာစံသွားတဲ့အခါ ရှင်သီဝလိလောင်းလျာဖြစ်တဲ့ မင်းသားက ထီးနန်းအုပ်ချုပ် မင်းလုပ်ရတာပေါ့။ ဘုရင်အဖြစ်ကိုရောက်တဲ့အခါ လောဘစိတ်တွေဝင်ပြီး အခြားနိုင်ငံတွေကို တိုက်ခိုက်သိမ်းပိုက်ချင်စိတ် ပေါက်လာတယ်။

တိုင်းပြည်ငယ်က ဘုရင်တစ်ပါးထံကို အမိန့်တော်စာချွန်လွှာ ပေးပို့လိုက်တယ်။ အမိန့်တော် စာချွန်လွှာထဲမှာ ဘယ်လိုရေးသားထားသလဲဆိုတော့ 'လက်အောက်ခံနိုင်ငံအဖြစ်နေရန် နိုင်ငံကို အသာတကြည်အပ်မလား၊ တိုင်းပြည်ကို တိုက်ခိုက်သိမ်းပိုက်ရမလားတဲ့။

အဲသလို ရာဇမာန်နှင့် ရာဇသံပေးတဲ့အခါ တိုင်းပြည်ငယ်က ဘုရင်

mgyoe.com

လည်း 'တိုင်းပြည်ကိုလည်း မအပ်နိုင်ဘူး၊ တိုက်ခိုက်ခြင်းလည်း မပြုနိုင်ဘူး'လို့ အကြောင်းပြန်တယ်။

အဲဒီအခါ ဗာရာဏသီမင်းသည် တိုင်းပြည်ငယ်အား တိုက်ခိုက်သိမ်းပိုက်ဖို့ ရဲမက်ဗိုလ်ပါအလုံးအရင်းနှင့် ချီတက်သွားတာပေါ့။ တိုင်းပြည်ငယ်ရဲ့ တံခါး ၄ မျက်နှာကို အင်အားနှင့် ပိတ်ဆို့ဝိုင်းရံထားတယ်။ တိုင်းပြည်ထဲကို ဘာရိက္ခာမျှမရောက်အောင် တားဆီးထားတယ်။ တိုင်းပြည်ငယ်အတွင်းက ဘုရင်၊ မိဖုရား၊ မှူးမတ်ဗိုလ်ပါအပေါင်းနှင့် ပြည်သူပြည်သားတွေ အစာငတ်ပြီးသေအောင် ၇ နှစ် ၇ လ ဝိုင်းရံထားတာကိုး။ တိုင်းပြည်ငယ်က ဘုရင်နှင့်တကွ အားလုံးသောသူတို့မှာ စိတ်ဆင်းရဲ၊ လူဆင်းရဲဘဝ ရောက်ကြရရှာတယ်။

တံခါးငယ် မလွယ်ပေါက်က လူစာ၊ မြင်းစာ၊ နွားစာ၊ ဆင်စာတွေကိုတော့ တင်သွင်းခွင့်ပေးထားတယ်။ ဒီတော့ နန်းတော်ထဲမှာရှိတဲ့ ဘုရင်နှင့်တကွ အားလုံးသောသူတို့မှာ မသေရုံတစ်မည်စားသောက်နေကြရတာပေါ့။

ရှင်သီဝလိလောင်းလျာ ဗာရာဏသီမင်းရဲ့ မယ်တော်က 'ငါ့သားတော် အခြားတိုင်းပြည်ငယ်ကို တိုက်ခိုက်သိမ်းပိုက်ဖို့သွားတာ ၇ နှစ် ၇ လလောက် ကြာနေပြီ။ ဘာဖြစ်နေတာမို့လဲ' လို့ နန်းတော်မှာကျန်ခဲ့တဲ့ မင်းမှုထမ်းတွေကို စေလွှတ်လို့ မေးတယ်။

မင်းမှုထမ်းက 'အခြားတိုင်းပြည်ငယ်ရဲ့ တံခါးကြီး ၄ ပေါက်မှာပိတ်ဆို့ဝိုင်းရံထားတယ်။ မလွယ်ပေါက်ကတော့ အစာရေစာအနည်းငယ်ကို သွင်းခွင့်ပေးထားတယ်'လို့ မယ်တော်ကို လျှောက်တင်တယ်။

မယ်တော်က 'မလွယ်ပေါက်က အစာတင်သွင်းခွင့်ပေးထားမှတော့ဘယ်ရနိုင်ပါ့မလဲ။ မလွယ်ပေါက်က အစာတင်သွင်းခွင့်ကို ရပ်ခိုင်းဖို့သားတော်ဆီကို သွားပြီး လျှောက်တင်ခိုင်းတယ်။

m.gyoe.com

mgyoe.com

ကလေးငယ်များကလည်း မောပန်းနေသဖြင့် ပါးစပ်ကလေးများဟကာ ထိုင်နေကြ၏။

"ကလေးတို့လည်း အဘိုးကို ရေခပ်ပေးရလို့ မောပန်းနေကြပြီ။ စောစောက ကြက်ဖ ၂ ကောင်ခွပ်နေတာ ကလေးတို့ မြင်တယ်နော်။ အဲဒါဆိုရင် အဘိုးက ကလေးတို့ကို 'ယာလည်း ညက်စေ၊ ကြက်လည်း ပန်းစေ' ဆိုတဲ့ စကားပုံကို ပုံပြင်လေးတစ်ပုဒ်ပမာ ပြောပြမယ်။

ယာသမားတစ်ယောက်ဟာ ယာထွန်ဖို့ ပြင်ဆင်နေခိုက်မှာ တော ကြက်ဖ ၂ ကောင် သဲကြီးမဲကြီးခွပ်နေတာကို မြင်တွေ့တယ်။ သူ ယာထွန် တာ ပြီးမြောက်စေ၊ ခွပ်နေတဲ့ ကြက် ၂ ကောင်လည်း ဒဏ်ရာတွေရပြီး မောပန်းနေပြီဆိုတော့မှ ဖမ်းဆီးပြီး အိမ်ပြန်မယ်ဆိုတဲ့ ရည်ရွယ်ချက် ၂ ခုကို ပြီးမြောက်စေသဘောကိုဆောင်တဲ့ စကားပုံပဲကွဲ့။

တစ်ခါတုန်းက မိုးညှင်းမြို့စား ခုံမှိုင်းနှင့် ကလေးမြို့စား သိုကြည်ပွား တို့ဟာ မသင့်မတင့် ဖြစ်ကြတယ်။ ၂ ဦး ၂ ဖက်တို့ စစ်ခင်းမည်ပြုသော အခါ မိုးညှင်းမြို့စားကလည်း မိမိဘက်က အကူအညီပေးပါ၊ ကလေးမြို့ ကို ပေးပါမယ်။ ကလေးမြို့စားကလည်း မိမိဘက်က အကူအညီပေးပါ၊ မိုးညှင်းမြို့ကို ပေးပါမယ်လို့ စစ်အကူအညီ တောင်းကြတယ်။

အဲဒီအခါ မင်းကြီးစွာစော်ကဲက ဘယ်သူ့ဘက်က ကူညီသင့်တယ် ဆိုတာ စဉ်းစားရခက်နေတာကြောင့် ပညာရှိအမတ်ကြီး မင်းရာဇာကို တိုင်ပင် အကြံတောင်းတော်မူတယ်။

အဲဒီအခါမှာ ပညာရှိအမတ်ကြီး မင်းရာဇာက

"အရှင်မင်းကြီး၊ လောကတွင် အလျင်စောစော မြန်မြန်ဆန်ဆန် ပြုကောင်းသော အရေးလည်းရှိသည်။ ဖြည်းဖြည်းနှေးနှေးမှန်မှန် ပြု ကောင်းသော အရေးလည်း ရှိသည်။ ယခုအရေးသည်ကား အလျင်မလို ဘဲ ဖြည်းဖြည်းနှေးနှေးသာ ဆောင်ရွက်သင့်သော အရေးဖြစ်သည်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


"အရှင်မင်းကြီး၊ ဥပမာတစ်ခုဖြင့် တင်လျှောက်ပါအံ့။ တစ်ခါတုန်းက တောင်ယာလုပ်သူတစ်ဦးသည် ယာထွန်ရင်း သူ၏အနီးအနား၌ တောကြက်ဖ ၂ ကောင် ခွပ်နေသည်ကို မြင်ပါသည်။ ယခုသွား၍ ကြက်ဖ ၂ ကောင်ကိုဖမ်းလျှင် ကြောက်လန့်ပြီး တောထဲသို့ ထွက်ပြေးသွားမည်ဟု တွေးမိပါသည်။ ငါ၏ ယာထွန်နေသည့်အလုပ်လည်း ပျက်မှာမလွဲ။ အဲဒါကြောင့် ငါ၏ ယာထွန်ခြင်းအလုပ်လည်း ပြီးမြောက်စေ၊ ကြက်ဖ ၂ ကောင်လည်း ခွပ်ရင်း မောပန်းစေဆိုတဲ့ သဘောထားပြီး ယာကို ဆက်လက်ထွန်နေလိုက်ပါသည်။

"တောင်ယာသမားက သူ၏ယာကို ထွန်ယက်၍ ပြီးစီးသွားသည့် အချိန်တွင် ခွပ်နေသည့် ကြက် ၂ ကောင်မှာလည်း မောပန်းပြီး ဦးခေါင်း ငိုက်လျက် မပြေးနိုင်ဖြစ်နေကြပါသည်။ တောင်ယာသမားသည် ယာအလုပ်ကိုသိမ်းပြီး ကြက်ဖ ၂ ကောင်ကို အလွယ်တကူ ဖမ်းယူကာ အိမ်သို့ပြန်လာခဲ့ပါသည်။ ဤဥပမာကို ဆင်ခြင်တော်မူပါဘုရား" လို့ လျှောက်တင်တယ်။

ဘုရင်မင်းကြီးက ပညာရှိအမတ်ကြီး လျှောက်တင်တဲ့စကားကို သဘောပေါက်နားလည်သွားတာမို့ မိုးညှင်းမြို့စားဘက်က လည်းကောင်း၊ ကလေးမြို့စားဘက်က လည်းကောင်း ဘယ်သူ့ဘက်ကမျှ အကူအညီ မပေးဘူး။ အဲသလို အကူအညီ မပေးတာကြောင့် မိုးညှင်း မြို့စားနှင့် ကလေးမြို့စားတို့ဟာ အချင်းချင်း တိုက်ခိုက်ကြတယ်။ မြို့စား ၂ ဖက်စလုံး ခြေကုန်လက်ပန်းကျတဲ့ အချိန်လောက်ကျတော့မှ မင်းကြီး စွာစော်ကဲက ၂ မြို့စလုံးကို အလွယ်တကူတိုက်ခိုက် သိမ်းယူလိုက်တယ်။

တစ်နေ့မှာတော့ ပညာရှိမင်းရာဇာက မင်းကြီးစွာစော်ကဲထံသို့ အခစားဝင်ပြီး -

"အရှင်မင်းကြီး၊ ပြည်ထဲရေးနှင့်သက်ဆိုင်သော အမှုကို ဖြည်းဖြည်း

mgyoe.com

mgyoe.com


နှင့်မှန်မှန် ဆောင်ရွက်ခဲ့သဖြင့် အောင်မြင်မှုများ ရရှိခဲ့ပါပြီ။ သို့သော် ကုသိုလ်ကောင်းမှု ကိစ္စအဝဝကို ဆောင်ရွက်ရာတွင်မူကား အလျင်အမြန် ဆောင်ရွက်သင့်ပါသည်။ ဖြည်းဖြည်းနှေးနှေး ဆောင်ရွက်လေသော် ဝန်တိုမစ္ဆရိယစိတ်သည် သဒ္ဓါစိတ်ကို ဖျက်ဆီးတတ်သည်ဟု ဘုရားသခင် ဟောကြားတော်မူခဲ့ပါသည်။

"အလျင်အမြန် ဆောင်ရွက်သင့်သောအရာကို နှေးကွေးစွာ ဆောင်ရွက်မိသဖြင့် အကျိုးမရှိဖြစ်သွားရသော သာဓကတစ်ခုကို လျှောက်တင်ပါအံ့။ ဝေသာလီပြည်နှင့် ရာဇဂြိုဟ်ပြည်စပ်ကြားတွင် ရှိသော တောင်တစ်လုံးတွင် ရွှေထွက်သည်ဆိုသည့် သတင်းစကားကြောင့် ဝေသာလီမင်းတို့သည် အလျင်အမြန်ပင် သွားရောက်၍ ရွှေတူးရာ ၃ ကြိမ် ၃ ခါ စလုံးပင် ရွှေ ရပါသည်။ ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းသည်ကား ဖြည်းဖြည်းနှေးနှေးပင် ဆောင်ရွက်သောကြောင့် ၃ ကြိမ် ၃ ခါ စလုံး ရွှေမရရှိဘဲ ပင်ပန်းခြင်းသာ အဖတ်တင်လေသည်။ ထို့ကြောင့် အလျင်စလို ဆောင်ရွက်သင့်သောအရာနှင့် နှေးကွေးစွာ ဆောင်ရွက်သင့်သောအရာကို ခွဲခြား၍ ဆင်ခြင်တတ်တော်မူပါဘုရား" ဟု လျှောက်တင်လေတယ်။

❐

mgyoe.com